လူသားများ၏ ဒုက္ခနှင့် မကောင်းမှုဒုစရိုက်တို့သည် ကျဆုံးခြင်းနှင့် ကိုန်စာတိုက်ခြင်းတို့၏ အကျိုးဆက်လိုက်လာသောအရာများ ဖြစ်ကြသည်ဟု မာလ်သပ်(စ်) ယုံကြည်လက်ခံခဲ့သည်။ ကျွန်ုပ် ဆန္ဒရှိသော နှလုံးသားဆီသို့ ဒါဝင် ယူဆောင်သွားခဲ့သော ခရစ်တော်၏ သတင်းကောင်းတရားဒေသနာထဲ၌ မျှော်လင့်ချက်ကို ရှာဖွေရန်နှင့် သူတို့၏ နှလုံးသားများမှ မကောင်းသည့်အဆိုးအညစ်ကို ဖယ်ရှားပစ်ရန် လူသားတွေကို တိုက်တွန်းနေပြီး၊ သူ၏ အကျင့်စရိတ္တ လျှောက်လဲချက်ကို ဖြန့်ချိခဲ့သည်။

ဒါဝင်သည် စီးပွားရေးအတွက် မာလ်သပ်(စ်) အဆိုပြုခဲ့သော သဘာဝတရားကို လျှောက်လဲချက်ပေးခဲ့သည်။ သူသည် မာသ်သပ်(စ်)၏ "ဖြစ်တည်ခြင်းအတွက် ကြိုးပမ်းရုန်းကန်မှု" ကို ရယူခဲ့ပြီး၊ အသက်သစ်၏ ပုံစံများသည် သဘာဝတရားအားဖြင့် ဖြစ်တည်ဝင်ရောက် လာခြင်း အားဖြင့် စက်ယန္တ ရားကဲ့သို့ "သဘာဝတရား ရွေးချယ်ခြင်း" သို့မဟုတ် "ကျန်းမာခြင်း၏ အသက်ရှင်သန်မှု" စသည့် အလားတူသည့်အ ချက်အားဖြင့် အဆိုပြုခဲ့သည်။ မာလ်သပ်(စ်)၏ လူဦးရေ စာအုပ်ကို ဖတ်ရှုပြီးသည့်နောက် ဒါဝင်သည် မူလအရင်း အမြစ်ကို ရှင်းပြခဲ့သည်မှာ "ထိုအခြေအနေများ၏ အောက်၌ ကျွန်ုပ်ကို တစ်ကြိမ်ထိုးနှက်ခဲ့ပြီး၊ ထောက်ခံအားပေးသောအမျိုးမတူခြင်းသည် မူလအခြေ အနေကိုထိန်းသိမ်းရန် ဂရုစိုက်ခဲ့လိမ့်မည်ဖြစ်ပြီး ထောက်ခံအားမပေးသောအရာ တစ်ခုသည် ပျက်စီးစေဖို့ရန်ပင်ဖြစ်ပါသည်။ ထိုအရာ၏ရလဒ်သည် အမျိုးအစားအသစ်၏ ဖွဲ့စည်းမှုပုံစံပင်ဖြစ်လိမ့်မည်။ ဤနေရာတွင် အလုပ်လုပ် ဆောင်ဖို့ရန် ကျွန်ုပ်သည်အနည်းဆုံးအယူအဆ တစ်ခုကို လက်ကိုင် ထားခဲ့ပြီ ဖြစ်ပါသည်။

ဒါဝင်သည် "ထောက်ခံအားပေးသော အမျိုးမတူခြင်း၏ ထိန်းသိမ်း ထားရှိခြင်းနှင့် အန္တရာယ်ဖြစ်စေတတ်သော အမျိုးမတူခြင်း၏ ငြင်းပယ်ခြင်း" ကဲ့သို့သော မူလအရင်းအမြစ်၌ သဘာဝတရား ရွေးချယ်မှုကို ဖွင့်ဆိုခဲ့သည်။ သဘာဝတရားရွေးချယ်မှုသည် တက်၍သွားသော ဦးတည်ရာထဲ၌ သူတို့၏ ကိုယ်ပိုင်ကုန်စည်ပစ္စည်းကို ဆက်လက်လုပ်ဆောင်သွားဖို့ရန် အကျိုးပြုသော လက္ခဏာရှိသော အသက်ရှင်ရပ်တည်ခဲ့သော ထိုတစ်ယောက်စီတိုင်း၏ အသက်ရှင်သန်ရေးအ တွက် အဆုံးထိကို ထိုက်ခိုက်ခြင်းဖြစ်ပါသည်။

ဆင့်ကဲဆင့်ကဲပြောင်းလဲခြင်းသည် မာလ်သပ်(စ်) ထံမှချီးငှား ယူခဲ့သောအရာမဟုတ်သော်ငြားလည်း တက်၍သွားသော ဦးတည်ရာထဲ၌ ရွေ့လျားနေခြင်း ဖြစ်သည်ဟူသော အရာသည် ဒါဝင်၏ ယူဆချက်ပင်ဖြစ်ပါသည်။ ဒါဝင်အဖို့ သဘာဝတရားသည် တည်ရှိနေခြင်းအတွက် အသက်ရှင်သန်ရန်လုပ် ဆောင်ခြင်း၌ လူသားမျိုးနွယ် ထံသို့ အလွန်သာလွန်သော အရာပင်ဖြစ်ပါသည်။ ဒါဝင် မူလအရင်းအမြစ်ထဲ၌ ရေးသားထားသည်မှာ-

လူသည် အတိုင်းအတာနှင့်မြင်နိုင်သောစရိုက်များ၌သာလုပ် ဆောင်နိုင်ပြီး၊ သူတို့သည်တည်ရှိနေသောအရာအားလုံးကို အကျိုးပြုကြသောအရာ များဖြစ်ကြသည်ဟူသောအရာမှ လွဲ၍ထင်ရှားပြသဖို့ရန်အတွက် ဘာတစ်ခုကိုမျှ မထိန်းသိမ်းခဲ့ပေ။ သဘာဝတရားမူကား အကယ်၍ ကျွန်ုပ်သည် သဘာဝ ထိန်းသိမ်းထား ရှိခြင်းနှင့် ကျန်းမာခြင်း၏ အသက်ရှင်သန်မှုကို လူပုဂ္ဂိုလ်ကဲ့သို့ တင်စားခေါ်ဖို့ရန် ခွင့်ပြုနိုင်ခဲ့လိမ့်မည်။ သဘာဝတရားသည် အတွင်း၌ဖြစ်သော ကိုယ်အင်္ဂါ အစိတ်အပိုင်းတွင် သော်လည်းကောင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီဖြစ်သော ကွဲပြားသော အရိပ်အာဝါသအားလုံးပေါ်တွင် သော်လည်းကောင်း၊ စက်ယန္တရား တစ်ခုလုံး၏ အသက်ပေါ်တွင် သော်လည်းကောင်း လုပ်ဆောင် နိုင်ပါသည်။ သဘာဝတရား၏ ထုတ်လုပ်ခြင်းများသည် လူသားများ၏ ထုတ်လုပ်ခြင်းထက် အကျင့်စရိုက်၌ အစစ်မှန်ဆုံးနှင့် ဝေးကွာသင့်သော အရာဖြစ်ပြီး၊ သူတို့သည် အစိတ်အပိုင်းများစွာ ဆက်စပ်ပါဝင်သော အသက်၏ အခြေအနေကို မရေမတွက်နိုင်သော အကောင်းမွန် ဆုံးသော လိုက်လျော ညီထွေမှုများရှိသင့်ပြီး၊ ကြာမြင့်စွာ ထင်ပေါ်နေသောအမြင့် ဆုံးလုပ်ငန်းကျွမ်းကျင်၊ နိုင်နင်းမှုကို သိသိသာသာ သည်းခံနိုင်သင့်သည် ဟူသောအရာကို ကျွန်ုပ်တို့ အံ့အား သင့်နိုင်ပါသလား။

"လူသားထက် ကြာမြင့်စွာ အမြင့်ဆုံးလုပ်ငန်းကျွမ်းကျင် နိုင်နင်းခြင်း" ဖြစ်သောသဘာဝတရားသည် ကောင်းမြတ်သော ဖန်ဆင်းရှင်ကို ဖန်ဆင်းခြင်း၏ ကိုယ်စားလှယ်ကဲ့သို့ အစားထိုးခဲ့သည်။ လူဦးရေ နှင့် အစားအစာအရင်း အမြစ်များ၏အကြောင်းကို မှားယွင်းစွာဖြင့် လမ်းပြခဲ့သူ မာလ်သပ်(စ်)သည် အပြစ်သားတွေအတွက် သတိပေးခြင်းနှင့်

မျှော်လင့်ချက်ပေးခြင်းနှစ်ခုစလုံးကို ရေးသားခဲ့သည်။ ဒါဝင်သည် မျှော်လင့်ခြင်းပေးသောအရာမဟုတ်ဘဲ ဘုရားကဲ့သို့ သဘာဝတ ရားကို မြှင့်တင်ရန် မာလ်သပ်(စ်)ကို လက်သပ်မွေးခဲ့သည်။ ဒါဝင်သည် သေခြင်းသို့ ဦးဆောင်သွားသော အခြေခံအားဖြင့် တည်ရှိနေခြင်း အတွက် အသက်ရှင်သန်မှုကို စိတ်ပျက်စရာ အစီအစဉ် ရေးဆွဲခဲ့သည်။

၁၈၄၆ခုနှစ်၌ မာလ်သပ်(စ်)၏ စာစီ စာကုံးကို ဗြိတိသျှ သဘာဝပ ညာရှင် အလ်ဖရတ် ဝါလ်လေ့(စ်) (Alfred Wallace) ဖတ်ရှုပြီး ၈နှစ်အကြာ ဒါဝင် ကဲ့သို့ပင် ဆင့်ကဲဆင့်ကဲပြောင်းလဲခြင်း၏ အယူအဆကို ဒါဝင်၏ အယူအဆနှင့် တူညီစွာ မာလ်သပ်(စ်)ကို အသုံး ပြုခဲ့သည်။ သူရေးသားခဲ့သည်မှာ=

အကြောင်းအရာထဲ၌ အလွန်ပင်စိတ်ဝင်စားဖွယ်ကောင်းသော ထိပ်တိုက် တွေ့ဆုံခြင်းသည် အသင့်အတင့်တည်ငြိမ်ဖို့ရန် လူရိုင်းမျိုးနွယ် လူဦးရေ၌ “ကာကွယ်ရေး အဟန့်အတားများ” လုပ်ရှားမှု၏ အသေးစိတ် စီစဉ်ပြင်ဆင်ထားသော အရေအတွက်ဖြစ်သည့် ကျွန်ုပ်၏အခြေ အနေထဲ၌ ကျွန်ုပ် (သို့မဟုတ်) ဒါဝင်သည် မာလ်သပ် (စ်)အားဖြင့် အယူအဆထဲသို့ ဦးဆောင်ခဲ့သည်။ သို့သော်လည်း ကျဆင်းနေသော မဖြစ်စလောက် အရေအတွက်သာ ဖြစ်သည်။ ထိုအရာသည် ကျွန်ုပ်ကို အင်အားကြီးမားစွာ ဖိနှိပ်ခဲ့ပြီး၊ ထိခိုက်စေသော အပြောင်းအလဲများ လျော့ကျလာခဲ့သောအချိန်တွင် တိုးပွားလာရန် ထိုအပြောင်းအလဲများ၏ အခြေအနေဖြစ်လာပြီးနောက်၊ တိရစ္ဆာန်များသည် ကျွန်ုပ်စဉ်းစား နေခဲ့သော မကြာခဏ အကျိုးပြုသောအရာ မလွဲမရှောင်သာဖြစ်ရမည်ကို အ ပြောင်းအလဲပြုသည့်အချိန် “တည်ရှိခြင်းအတွက် အသက်ရှင်ရပ်တည်မှု”၌ လုံလောက်စွာပင် ထိုကဲ့သို့ ထိန်းသိမ်းထားကြပြီး၊ ချက်ခြင်းပင် ထိုအရာသည် ကျွန်ုပ်အပေါ်သို့ အချက်ပြခဲ့ပါသည်။

ဝါးလ်လေ့(စ်) (Wallace)သည် သူ၏ အယူအဆကို သက်သေပြဖို့ရန် ၁၈၄၈ခုနှစ်မှ ၁၈၅၂ခုနှစ်တွင် အမေဇုန်တောတွင် နမူနာစုဆောင်းခြင်း ခရီးစဉ်ကို လွှင့်ထူကာ၊ သဘာဝတရားရွေးချယ်ခြင်း၌ မာလ်သပ်(စ်)ကို ယုံကြည် ခြင်းဖြင့် ပြုလုပ်ခဲ့သည်။ သူ၏ သင်္ဘောသည် ဗြိတိန်ကို ပြန်သောလမ်းတွင် မီးလောင်း ကျွမ်းခဲ့ပြီး၊ သူ၏နမူနာများ အားလုံးနှင့် အတူ နှစ်မြုပ်သွားခဲ့သည်။ ထိုကံမကောင်းသော ဖြစ်ပွားမှုသည် သူ့ကို မရပ်နားစေခဲ့ပါ။ (၂)နှစ်ကြာပြီးနောက် သူသည် အရှေ့အိန္ဒိယသို့ (၈)နှစ်ကြာ စုဆောင်းခြင်း ခရီးစဉ်ကို သွားရောက်ခဲ့ သည်။ ဤအချိန်အတွင်း၌ သူသည် တူညီသော စက်ယန္တရား၊ သဘာဝတရား ရွေးချယ်မှု၊ ဒါဝင်အားဖြင့် အထက်တွင် ခရီးဆန့်ခြင်းတို့ကို အသုံးပြုခဲ့ပြီး သူ၏ ကိုယ်ပိုင် ဆင့်ကဲဆင့်ကဲ ပြောင်းလဲခြင်း၏ အယူ အဆကို တိုးတက်ကောင်းမွန် အောင် ပြုလုပ်ခဲ့သည်။

ဝါးလ်လေ့သည် အကြံပြုရန် တောင်းခံခြင်းနှင့်အတူ ဒါဝင်ထံသို့ ၁၈၅၈ခုနှစ်တွင် သူ၏နိယာမ စာစီစာကုံးကို ပို့ခဲ့သည်။ ထိုစာလွှာသည် ဒါဝင် ကို မူးမေ့သတိလစ်သွား ခဲ့ပါသည်။ အဘယ့်ကြောင့်ဆိုသော် ထိုအရာသည် (၂၁) နှစ်ကျော်ကြာလုပ်ကိုင်ခဲ့သော သူ၏ကိုယ်ပိုင်အယူအဆနှင့် အလွန်ပင် ထပ်တူဖြစ်နေသော ကြောင့်ဖြစ်ပါသည်။ သူသည် ဇစ်တိုးရီးယား အင်္ဂလန်၌ ထိုအရာ၏ တုံ့ပြန်မှု အငြင်းပွားဖွယ်ရာကို ရှောင်ရှားနိုင်ရန်နှင့် မွမ်းမံမှုဆက်လက်လုပ် ဆောင်နိုင်ရန်အတွက် သူ၏အယူအဆကို ထုတ်ဝေဖို့ရန် နောက်ကျခဲ့သည်။

ဝါးလ်လေ့(စ်) အလုပ်သည် မူလ (Origin)ကိုထုတ်ဝေဖို့ရန်နှင့် ၁၈၅၈ခုနှစ် ဇူလိုင်လ၌ လီနင်အသင်းအဖွဲ့ (Linnean Society)မတိုင်ခင် သူတို့၏ အယူအဆပေါ်၌ ဝါးလ် လေ့(စ်)၏တရားဝင် စာရွက်စာတမ်းနှင့်အတူ တွဲဖတ်စာရေးဆရာဖြစ်ရန် ဒါဝင်ကို လှုံ့ဆော်ခဲ့သည်။ ဝါးလ်လေ့(စ်)သည် သဘာဝတရားရွေးချယ်ခြင်း၏ တွဲဖက်ဖွံ့ဖြိုး ဆောင်ရွက် သူဖြစ်ရန် လူများစွာ၏ စဉ်းစားသုံးသပ်ခြင်းကို ခံရသူဖြစ်ပါသည်။

ဒါဝင်ထုတ်ဝေခဲ့သောအချိန်၌ သူသည် သူ၏အတွေးအခေါ်များ အတွက် ပရိတ်သတ်များကို အဆင့်သင့်တွေ့ရှိခဲ့သည်။ သူပထမ ဦးဆုံးထုတ် ဝေမည့် ဇစ်မြစ်(Origin) စာအုပ်သည် ၁၈၅၉ခုနှစ်တွင် ထုတ်ဝေခဲ့ပြီး၊ ပထမနေ့တွင် ရောင်းထုတ်ခဲ့ကာ နောက်ဆက်တွဲစာ အုပ်များကိုလည်း (၆)ကြိမ်မြောက် ထုတ်ဝေခဲ့သည်။

## အလွန်အလွန်ဆိုးဝါးသော ဒါဝင်၏ အယူဝါဒ

ဒါဝင်သည် ၁၈၃၁ခုနှစ် ဘီးဂဲ(လ်)နှင့် သွားလာခဲ့စဉ်က ဖန်ဆင်းရှင် ဘုရားသခင်ကို ယုံကြည်ခဲ့သည်။ ငါးနှစ်ကြာပြီးနောက် ဘုရားသခင်သည် ကမ္ဘာကြီးကို ဖန်ဆင်းခဲ့သည်ဟူသော အတွေးအ ခေါ်ကို ငြင်းပယ်ခဲ့ကာ၊ သူ၏ အတွေးအခေါ်ပုံစံ အထောက်အထားကို သဘာဝတရား၌ ရေးထိုးထားခဲ့သည်။ သူသည် ဝီလီယမ်း ပါလေး (William Paley) ၏ နတ်ဘုရားနှင့်ဆိုင်သော နာရီ ပြုလုပ်သူ ဆိုသည့် သုတေသနစာတမ်းကို ယုံကြည်စွာဖြင့် ယူလိုက်စဉ်အတွင်းတွင် ရှည်လျား သော ငြင်းခုန်မှု မျဉ်းကြောင်းအားဖြင့် ဆွဲဆောင်၊ သိမ်းသွင်းခဲ့မှု ပြုလုပ်ခဲ့သည်။ ခရီးစဉ်ပြီးဆုံးခြင်းအားဖြင့် သူသည် သဘာဝတရား နှင့်ဆိုင်သော သီအိုလိုဂျီ (Theology)၊ တည်ရှိခြင်း၏ အထောက်အထားနှင့် သဘာဝ တရားထင်ရှားပြသခြင်းမှ ရွေးချယ်ထားသော ဘုရားသခင်၏ ဂုဏ်ရည် တော်များစသည့် စာအုပ်များကို ထုတ်ဝေခဲ့သည့် ပီလေး၏ တောက်ပခြင်းနှင့် အတင်းအကျပ် ခိုင်းစေသော ငြင်းခုန်မှုများကို ငြင်း ပယ်ခဲ့သည်။

သဘာဝတရားသည် အံ့အားသင့်ဖွယ်ကောင်းသော ဒီဇိုင်းပုံစံ၏ မရေမ တွက်နိုင်လောက်အောင်များပြားသော ဖြစ်စဉ်ကို ပေးနိုင်သည်ဟု ပါလေး (Paley)၏ သဘာဝ တရားနှင့်ဆိုင်သော သီအိုလိုဂျီ၏ အဆိုပင်ဖြစ်သည်။ နာရီနှင့် မြေပြင်ပေါ်၌ရှိသော ကျောက်တုံးသည် အချက်ပြခြင်း၊ အသီးသီးရန် လေ့လာသူ အားဖြင့် နားလည်နိုင်လိမ့်မည်ဖြစ်ပြီး၊ အသိပညာနှင့် သဘာဝကျကျ ဖြစ်ပွားနေ သောအရာဝတ္ထုအားဖြင့် အရာဝတ္ထုသည် ပုံသွင်းခဲ့သည်။ နာရီသည် ထိုဒီဇိုင်း ပုံစံနှင့် ရည်ရွယ်ချက်အားဖြင့် ထင်ရှားစေသော ခက်ခဲရှုပ်ထွေးမှုကို ကိုယ်စား ပြုသည်။ ပါလေး၏ ဒီဇိုင်းပုံစံဥပမာသည် လူသား၏ ကိုယ်ထည်၊ အရိုးများ၊ ကြွက် သားများ၊ အကြောများ၊ နှိုင်းယှဉ်သော ခန္ဓာဗေဒ နှင့်အခြားသော အရာ များ ပါဝင်သည်။

သူသည် အငြင်းပွားမှုများကို မီးမွှေးပေးသည့် ယခုနေ့ရက်၏ အတွေးအခေါ် ဉာဏ်စွမ်းရည်ဒီဇိုင်းပုံစံအတွက် ၁၉ရာစု ပုံစံ၏ ငြင်းခုန်မှုကို တင်ဆက်ခဲ့သည်။ ရိုးရှင်းသော အသက်၏ ပုံသဏ္ဍာန် များထဲ၌ မယုံနိုင်ဖွယ်ရာပင်ကောင်းသော ခက်ခဲရှုပ်ထွေးခြင်း၏ ပမာဏရှိ ကြောင်းကို ကျွန်ုပ်တို့သည် မော်လီကျူး ဆိုင်ရာ ဇီဝဗေဒမှ သိရှိကြသည်။ သိရုံတင်မကဘဲ ထူးခြားသော အစိတ်အပိုင်း များစွာပါဝင်သော "ရိုးရိုးက လာပ်စည်း"သည် သာမာန်ရည်ရွယ်ချက်ကို ပြီး မြောက်အောင်မြင်ရန် သဟဇာတဖြစ်လျှက် အတူတကွ လုပ်ဆောင်ရန် ထိုအထဲ၌ စက်ယန္တရား ပါရှိနေသည်ကိုလည်းသိပါသည်။ ဤဒီဇိုင်းပုံစံသည် သဘာတရား၏ ဝေးကွာသော အမြင့်ဆုံး လုပ်ငန်းကျွမ်းကျင်နိုင်နင်းမှု၊ သဘာဝ ရွေးချယ် မှု၏ ရလဒ်ကြောင့်မဟုတ်ဘဲ ဘုရားသခင်၏ အနုပညာလက်ရာပင် ဖြစ်ပါသည်။

ဒါဝင်၏ တကယ့်အစစ်အမှန်ပြဿနာသည် ပါလေး (Paley)၏ သဘာတရားနှင့်ဆိုင်သော သီအိုလိုဂျီ၌ မဟုတ်ပါ။ ထိုပြဿနာသည် သူကိုယ်တိုင်ပင် ဖြစ်ပါသည်။ ပါလေးသည် သဘာတရားနှင့်ဆိုင်သော သီအိုလိုဂျီ၏ နောက်ဆုံးအ ခန်းကြီး၌ အဆုံးသတ်ခဲ့သည်မှာ=

တည်ရှိခြင်းနှင့် ဘုရားသခင်၏ ထူးခြားသောလက္ခဏာမှာ စိတ်ဝင်စား ဖွယ်ရာကောင်းသော လူသားအားလုံး၏ ထင်မြင်ချက်၊ ယူဆချက်ပင်ဖြစ်ပါသည်။ စစ်မှန်သော ထာဝရဘုရားကိုယုံကြည်သော သူသည် ယုံကြည်စိတ်ချရသော ဘုရားသခင်၏ ဉာဏ်ပညာ၏ ဆက် သွယ်ခြင်းကို နားထောင်ရန် ပထမဦးဆုံး သူဖြစ်လိမ့်မည်။ သဘာဝတရားနှင့်ဆိုင်သော သီအိုလိုဂျီမှ သင်ယူမှုဘာမျှ မရှိခဲ့ခြင်းသည် သူ့ဆန္ဒ၏ နောက်ထပ်သင်ကြားပို့ချမှုနှင့် နှိမ့်ချခြင်း၊ ကျေးဇူးတင်ခြင်းနှင့်အတူ ထိုအရာကိုရရှိရန် သူ၏အစီအစဉ်လျော့နည်းလာသည်။ အလင်း ရောင်အတွက် သူဆန္ဒရှိသည်။ အလင်းရောင်ထဲ၌ သူပျော်ရွှင်သည်။ ဤကြီးမားသော ဖြစ်တည်ခြင်း၌ သူ၏အတွင်းသဘောထား ကြည်ညိုကိုင်းရှိုင်းမှုသည် အစွမ်းကုန်လေးလေးနက်နက်နှင့် အာရုံစိုက် တိမ်ညွှန်စေမှာ ဖြစ်ပြီး၊ လူအားလုံးသည် သဘာဝတရားကို သုတေသနပြုလုပ်ခြင်း အားဖြင့် သူ၏အကြောင်းကို လေ့လာမှုပြုနိုင်ကြလိမ့်မည် သာမကဘဲ လူအားလုံးဆီသို့ သူထံမှ အကျိုးအကြောင်းကို သက်သေခံသော ဆွေး နွေးခြင်းကိုပေးသော ဖွင့်ပြချက်အားဖြင့် သင်ကြားခြင်းကို ခံရကြမှာ ဖြစ်ပါသည်။

စာသင်ကြားလေ့လာမှုအတွက် ဒါဝင်သည် အလွန်များပြားသော အမျိုးအစားများကို စုဆောင်းခဲ့စဉ်အတွင်း သူသည် အချို့သော အရာ များကို ခွဲခြားနိုင်ဖို့ရန် မတတ်နိုင်ခဲ့ပေ။ အဘယ့်ကြောင့်ဆိုသော် သူ၏ အားနည်းချက်များသည် သဘာဝလောကပညာရှင်ကဲ့သို့ ဖြစ်သော ကြောင့်ပင်ဖြစ်သည်။ ထို့အပြင် အထက်တွင် ဖော်ပြထားသကဲ့သို့ ဒါဝင်၏ ရှာဖွေခြင်းများသည် ကမ္ဘာပေါ်တွင် တွေ့မြင်ရန် အပင်များနှင့် တရိစ္ဆာန် များ၏ ကျဉ်းမြောင်းသော အစိတ် အပိုင်းမျှသာ ကိုယ်စားပြုခဲ့ပါသည်။ သူသည် ကမ္ဘာကြီး၏ကန့်သတ်ထားသော နေရာ၌ ကန့်သတ်ထားသော အချိန်ကိုကျော်လွန်ပြီး၊ ကန့်သတ်ချက်ရှိသော အမျိုးအစားများစွာကို စုဆောင်းခဲ့သည်။ ထိုကန့်သတ်ချက် များသည် ဘယ်လို ပင်ဖြစ်နေပါစေ သူတို့ထံမှ ဒါဝင်ဆွဲယူခဲ့သော နိဂုံးချုပ်များပေါ်၌ရှိသော နယ်နိမိတ် နေရာမဟုတ်ပါ။

ဒါဝင်၏ ကန့်သတ်ထားသော အချက်အလက်သည် ဇစ်မြစ်၌ သူမကြာ ခဏအသုံးပြုသော ယင်းပုံစံရှိသော တြိယာကို ရှင်းပြထားသည်။ သူ့၏အလုပ်သည် စိတ်ကူးသံဇဉ်ပေါ်တွင် သယ်ဆောင်သွားသည်။ အ ဘယ့်ကြောင့်ဆိုသော် ဇစ်မြစ်မှ ယူဆောင်လာခဲ့သော အောက်ဖော်ပြကဲ့ သို့သော မကြာခဏထပ်၍ အသုံးပြုသော စကားစုကြောင့် ဖြစ်ပါသည်။ "ကျွန်ုပ်တို့ ထင်နိုင်ပါသည်။ "ကျွန်တို့ ထင်မယ်ဆိုရင်" "ကျွန်ုပ်တို့မှာ ထင်စရာတစ်ခုဘဲရှိပါတယ်"၊ "ကျွန်ုပ်တို့ထင် ပါတယ်"၊ "ကျွန်ုပ်တို့ ထင်မြင်ကြစို့" "ကျွန်ုပ် ယခုမှစပြီး ထင်ကြစို့"၊ "ယခုချိန်မှာ ကျွန်ုပ်တို့ ထင်ခဲ့ရင်"။ ဒါဝင်သည် အလွန်ကြီးမားသောဆိုလိုချက်ကို ပြုလုပ်ခဲ့ ပြီး၊ အဆုံးထိရောက်ရှိသော ယူဆချက်သည် ပြင်းထန်သော အမှားသို့ ဦးတည်ခဲ့ သည်။

ပါလေး (Paley)၏ "ကြည့်သည်"ကို ဒါဝင် ဖယ်ပစ်လိုက်သည့်အချိန် အတောအတွင်းတွင် ဆန်ပြားမှု၌ သဘာဝတရား၏ ပုံပန်းသဏ္ဌာန်ကြီး ထားခဲ့မှုထဲသို့ အားစိုက်ကြည့်ရန် ကျွန်ုပ်တို့၏လုပ်နိုင်စွမ်းကဲ့သို့ ယနေ့တွင်ပို၍ အစိတ်အပိုင်းများစွာ ဆက်စပ်ပါဝင်သောအရာ ဖြစ်လာကြသည်။ ဒါဝင်သည် ဘုရားသခင်၏ တည်ရှိခြင်းအကြောင်းကို မှားယွင်းစွာအဆုံးသတ်ခြင်းသို့ ရောက် ရှိခဲ့ပြီးနောက်ခေတ်သစ်စစ်ပွဲများစ တင်ခြင်းသည် ဒါဝင်နှင့် ဖန်ဆင်းရှင်ကို ဆန့်ကျင်သော သူ၏သားသမီး များကြောင့် စစ်ပွဲ၊ တိုက်ပွဲဆင်နွှဲခဲ့ကြသည်။

သဘာဝတရား၏ ဖန်ဆင်းရှင်သည် သူလေ့လာမှုမပြုနိုင်သော သဘာဖြစ်စဉ် သဘာဝတရားရွေးချယ်မှုဖြစ်သော်လည်း၊ ဆင့်ကဲဆင့်ကဲ ပြောင်းလဲခြင်း၏ အယူအဆ အတွက် အလုပ်လုပ်ဆောင်နိုင်ရန် မရှိမဖြစ် လိုအပ်သော အရာဖြစ်သည်ဟု ဒါဝင် ယုံကြည်လက်ခံခဲ့သည်။ ဒီဇိုင်း ပုံစံအတွက် ပါလေး (Paley)၏ ငြင်းခုန်ခြင်းကို ငြင်းပယ်ခဲ့ခြင်းသည်၊ ဒါဝင်သည် ထိရောက်စွာဖြင့် ဘာသာအသစ်ကို ပွေ့ပိုက်ခဲ့ခြင်း ပင်ဖြစ်ပါသည်။ သူဖော်ပြခဲ့သည်မှာ-

ကျွန်ုပ်ကို ပြည့်စုံခိုင်လုံသော ယခင်ကကဲ့သို့ထင်မြင်ရသော ပါလေး ပေးအပ်သော သဘာဝတရားထဲ၌ အိုမင်ရင်ရော်သော ငြင်းခုန် ခြင်း၏ ဒီဇိုင်း ပုံစံသည် ကျဆုံးပြီး ယခုတွင် သဘာတရားနှင့်ဆိုင်သော ရွေးချယ်ခြင်း၏ နိယာမသည် ရှာဖွေလေ့လာခဲ့ပြီးပြီဖြစ်ပါသည်။ လူတွေပြု လုပ်သော တခါး၏ ပတ္တာကဲ့သို့ ကမာကောင်၏ လှပသော တံကား ပတ္တာအခွံသည် ဉာဏ်ပညာ ရှိသောသတ္တဝါအားဖြင့် တည်ဆောက်ထား ခြင်းဖြစ်စဉ်အတွက် ကျွန်ုပ်တို့သည် ငြင်းခုန်မှု အရှည် လုပ်စရာမလိုပေ။ ကိုယ်အင်္ဂါနှင့်ဆိုင်သော သတ္တဝါများ၏ ပြောင်းလဲတတ်ခြင်း၌ ဒီဇိုင်း ပုံစံမလိုအပ်သကဲသို့ထင်ရပြီး၊ လုပ်ဆောင်ချက်ထဲ၌ ရှိသော သဘာဝတ ရားရွေးချယ်မှုသည် လေတိုက်ခတ်သော လမ်းကြောင်းထဲ၌ ရှိနေသည်။ သဘာတရားထဲ၌ရှိသောအရာအားလုံးသည် စီမံခန့်ခွဲထားသော နိယာမ၏ ရလဒ်ပင်ဖြစ်ပါသည်။

ဘီဂဲ(လ်)နှင့်သွားလာခဲ့သောအချိန်တွင် သူသည် အောက်သို ဒို(စ်) (Orthodox)ခရစ်ယာန်တစ်ယောက်ဖြစ်ကြောင်းကို ဒါဝင်သည် သူ၏ ကိုယ်တိုင်ရေး အထ္ထုပ္ပတ္တိထဲ၌ ကြေငြာခဲ့သည်။ သို့သော်လည်း အဲဒီနောက် ပြောင်းလဲခဲ့ သည်။ ထိုပြောင်းလဲမှု ဖြစ်သော်ငြားလည်း သူ၏ အသက် ၇၄အရွယ် ၁၈၈၂ခုနှစ် ကွယ်လွန်သွားခဲ့သောအချိန်တွင် ဒါဝင်သည် အနောက်ဘုန်းတော် ကြီး အာဗ်ဘေး (Westminister Abbey)၌ သင်္ဂြိုလ်ဖြင့် ဂုဏ်ပြုခြင်းကို ခံခဲ့ရပါ သည်။ ဒါဝင်သည် ကိုယ်ပိုင်ပြဿနာကိုစီရင်ခဲ့သည့် သူ၏ဘာသာတရား ယုံကြည်မှုအ ကြောင်းကို ပွင့်လင်းစွာဖြင့် မကြာခဏ မပြောဆိုခဲ့ပေ။ သို့သော်လည်း သူသည် သူမသေဆုံးမှီ သုံးနှစ်တွင် စာစောင်ကိုရေးသားခြင်း၌ ဤခေါင်း စဉ်ကို ကျယ်ကျယ်ပြန့်ပြန့် အသေးစိတ်ဖော်ပြရှင်းလင်းခဲ့သည်။ မစ်စတာ ဂျေ၊ ဖော်ဒီစီ (Mr. J. Fordyce)ကို ရေးသားထားသောစာထဲ၌ သူသည် သူယုံကြည် လက်ခံသော ဘုရားသခင်၏ အကြောင်းကို ဖော်ပြထား ခဲ့သည်။

ကျွန်ုပ်၏ကိုယ်ပိုင် အမြင်သည် တစ်စုံတစ်ယောက်ကိုမျှ အကျိုးဆက် မဖြစ်သော မေးခွန်းဖြစ်ပါသည်။ သို့သော်လည်း သင်က မေးခဲ့မည်ဆိုလျှင် ကျွန်ုပ်၏ ဝေဖန်ပိုင်းခြား နိုင်စွမ်းသည် မကြာခဏ တက်လိုက်ကျလိုက်ရှိလိမ့်ဟု ကျွန်ုပ် ပြောဆိုနိုင်သည်။ ကျွန်ုပ်၌ အလွန်ပင် အစွန်းရောက်သော တတ်လိုက်ကျ လိုက် ရှိသောအရာသည် ကျွန်ုပ်ကို ဘုရားသခင်၏တည်ရှိခြင်းအာရုံထဲ၌ သေလု မြောပါးဖြစ်သော ဘုရား သခင်ကို ယုံကြည်သူ (Atheist)တစ်ယောက်ဘယ်သော အခါမှ မဖြစ်စေခဲ့ပါ။ ယေဘူယျအားဖြင့် ကျွန်တော် ကျေးဇူးတင်ပါသည်။ (ကျွန်ုပ် ပို၍ အိုလာသကဲ့သို့ ပို၍၊ ပို၍) သို့သော်လည်း အမြဲတမ်းတော့မဟုတ်ပါ။ ဘုရား တရားကိုမယုံကြည်သူတစ်ယောက်သည် ကျွန်ုပ်အတွေးအာရုံ၏ သတ်မှတ်ချက် မှန်ကန်သော သရုပ်ဖော်ချက်ဖြစ်ပေလိမ့်မည်။

ဒါဝင်သည် သူကိုယ်သူ မည်သို့ရည်ညွှန်းရမည်ကို သေချာမသိရှိသော သူဖြစ်သည်။ သို့သော် ဘုရားသခင်တည်ရှိနေ တာတောင် သူမသိဘူးဟု ပြောသည့် ဘုရားတရားကို မယုံကြည် သူအဖြစ်၌ အခြေချခဲ့သည်။ ဘုရားသခင်တည်ရှိသည်ဟု ဒါဝင်သည် မှန်ကန်စွာမပြောနိုင်ခြင်းသည် အောက်ဆုံးလိုင်းပင်ဖြစ်သည်။ မကြာခဏ ပေါ်ပေါက်သော ကောလဟာလ စကားများသည် ဒါဝင်သည် သေအံ့မူးမူး အချိန်၌ မိမိစကားကိုပြန်လည်ရုပ်သိမ်းခဲ့ပြီး၊ ယေရှုခရစ်ကို သူ၏ ကယ်တင်ပိုင်အဖြစ် ဝန်ခံခဲ့သည်။ ဤပြောခဲ့သော

စကားများကို သူ၏သမီး ဟန်ရီတ်တာ (Henrietta)သည် ငြင်းပယ်ခဲ့သည်။ သေဆုံးခြင်းသည် ညနေခင်း အချိန်တွင်ရောက်ရှိလာကာ မကြာမီပင်သေဆုံးသွားခဲ့ပြီး၊ ကျွန်ုပ်သည် သေဖို့ရန် အထူးသဖြင့် မကြောက်သောသူဖြစ်သည်ဟု ပြော သွားခဲ့သည်ကို သူ၏ သားဖြစ်သူ ဖရန့်စီး (Francis)သည်သူ့ဖခင်၏ အာရုံခံစားခဲ့မှုကို ရေးသား ခဲ့သည်။

ဒါဝင်သည် ငယ်စဉ်ဘဝတွင် သူ၏ နေ့စဉ်သင်ခန်းစာများကို ဘဝအ စိတ်အပိုင်းအဖြစ် နှုတ်ကပတ်တော်ကို လေ့လာသင်ကြားခဲ့သည်။ သူသည် ကမ်းဘရိတ် (Cambridge)၊ ဒီဗီနာတီကျောင်း (Divinity School)၌ သီအိုလို ဂျီ (Theology)ကို လေ့လာသင်ကြားခဲ့သည်။ သို့သော် သူသည် ခရစ်တော်နှင့် အတူ အသက်တာပြောင်းလဲသော အတွေ့အကြုံနှင့် အသင်းတော်လုပ်ရှားမှုတွင်လည်း ပါဝင်ခဲ့သော အထောက်အထားမရှိပါ။ ဘုရားကျောင်းတတ်ရောက်ခြင်းကို သူ၏ကိုယ် တိုင်ရေး အထ္ထုပ္ပတ္တိထဲ၌ အနည်းငယ်သာဖော်ပြခဲ့ပါသည်။ ထိုသို့ ဖော်ပြခြင်းသည် ဒါဝင်သည် ၁၀နှစ်ရွယ်၌ သေဆုံးခဲ့သည့် ချစ်လှစွာသော သမီးငယ်လေးသေဆုံးခဲ့သည့် အချိန်ထိ သူ၏ အမျိုးသမီးနှင့်အတူ တနင်္ဂနွေ နေ့ကိုးကွယ်ခြင်းအစီအစဉ်သို့ တက်ရောက်ခဲ့သည်။ ဒါဝင်သည် သူမကိုအလွန်ပင် ချစ်မြတ်နိုးခဲ့သောကြောင့် သေခြင်းနှင့် ဒုက္ခဝေဒနာကို ခွင့်ပြုခဲ့ခြင်းအတွက် အပြစ်တင်ခြင်းကိုခံရသော ဘုရားသခင်ထံသို့ ခါးသီးမှုကြီးဖြစ်လာခဲ့သည်။

ဒါဝင်တစ်ကြိမ်မျှ ဘုရားသခင်နှင့် ဝိညာဉ်များသည် မသေနိုင်ကြောင်းကို ယုံကြည်ခဲ့ခြင်းသည် သူ့ကို အဖြူထည်သက်သက်ဖြစ်စေခဲ့ သော်လည်း နောက်ပိုင်းတွင် ဘုရားသခင်၏ အကြောင်းကို တွေးတော ခြင်းသည် တေးဂီတကို နားထောင်နေသောသူတစ်ယောက် မည်သို့အား ဖြင့် ခံစားရခြင်းဆိုသည့် စိတ်ကူးယဉ်သက်သို့ကဲ့သို့ တူနေသည်။ မိုးသစ် တောကဲ့သို့သော ကြီးကျယ်ခန်းနားသော ရှုခင်းများကို လေ့လာနေသော အချိန်တွင် သူသည် ဘုရားသခင်၏ အတွေးအ ခေါ်နှင့်အတူရှိခြင်းကို သဘောကျခဲ့ပုံကို သူ့ကိုယ် သူရှာဖွေတွေ့ရှိခဲ့သည်။ သူနောက်ပိုင်းတွင် ဖော်ပြခဲ့သည်မှာ

အတွင်းခံယူချက်နှင့် စိတ်ခံစားမှုများကဲ့သို့သော ကျွန်ုပ်မမြင်နိုင်သော အရာများသည် အမှန်တကယ်ပင်တည်ရှိသော အထောက်အထားကဲ့သို့သော အလေးချိန် ရှိကြသည်။ ကျွန်ုပ်ထဲ၌ ရိုးရှင်းစွာ စိတ်လှုပ်ရှားစေခဲ့သော ကြီးကျယ်ခန်းနားသောရှုခင်း စိတ်အာရုံ၏ ဖော်ပြချက်နှင့် ဘုရားသခင်ကို ယုံကြည်ခြင်းနှင့်အတူ ရင်းနှီးစွာဖြင့် ဆက်သွယ်ခဲ့သော အရာသည် ဘဝမကျသောစိတ်ဟု အမြဲပင် ခေါ်ဝေါ်သောအရာမှလာသည့် အခြေခံအားဖြင့် ခြားနားသော အရာမဟုတ်ခဲ့ပါ။ သို့သော်လည်း ထိုခက်ခဲမှုသည် ကမ္ဘာဦးကျမ်းကိုရှင်းပြသော ခံစားချက် ဖြစ်ကောင်းဖြစ် လိမ့်မည်ဖြစ်ပြီး တေးဂီတအားဖြင့် တူညီသော စိတ်ခံစားမှုနှင့် မရေရာမ တိကျသော အတွေးအခေါ် စွမ်းအားကြီးမား ခြင်းထက် ဘုရားသခင်၏ တည်ရှိခြင်းအကြောင်းကို ငြင်းခုန်ခြင်းကဲ့သို့ ခတ်ခဲ့စွာဖြင့် ရှေ့သို့တတ် ခြင်းပင်ဖြစ်ပါသည်။

ဒါဝင်သည် သူ၏ကလေးများကို တုန်ပြန်ခြင်း၊ ပန်းခြံ၌ သူလမ်း လျှောက်ထွက်ခြင်း၊ သူ၏ကိုယ်ခန္ဓာပိုင်းဆိုင်ရာ ဖေါ်ပြချက်၊ ဝတ်ဆင်ရန် ကြိုက် နှစ်သက်သော အဝတ်အစားများ၊ သူဘာကိုသောက်သုံးခဲ့သနည်း၊ ကစားရန်ချစ် ခင်နှစ်သက်သော ခွေးများနှင့်အတူ သူတို့နာမများ အပါဝင် သူ၏ နေ့စဉ်ပုံမှန် အသက်တာကို အသေးစိတ်အချက်အလက်များနှင့် ပြည့်နှက်နေသော ဒါဝင်၏ ကိုယ်တိုင်ရေးအထ္ထုပ္ပတ္တိ တည်ဖြတ်ထုတ်ဝေ ခြင်းကို သူ၏သားဖြစ်သူ ဖရန် စီ(Francis)သည် ရှာဖွေလေ့လာ စုဆောင်းခဲ့ပါသည်။ အသေးစိတ်ဖော်ပြသော နှင်းမုန်တိုင်းအကြောင်းအပါဝင်၊ တန်ဖိုးရှိသော ဒါဝင်၏ဘာသာရေးဘဝ အနည်းငယ်ကိုဖော်ပြခြင်း၊ အသင်းတော် (သို့မဟုတ်) ဘုရားသခင်၏ နှုတ်ကပတ်တော်ကို အလေးထားမှုများကို ဖော်ပြထားပါသည်။ သူ၏လူငယ်ဘဝမှတ်တမ်းတင်မှုနှင့် အစောပိုင်း လူကြီးဘဝအသက်တာသည် ဘီဂဲ(လ်)ဖြင့်

ရေကြောင်း ခရီးစဉ်ကို ရွက်လင့်ပြီးနောက် သူ၏ ဘုရားတရားမရှိသော ခံယူ ချက်သည် ခိုင်မာစွာဖြင့် နေရာယူခဲ့ခြင်းနှင့် သူ၏ဘာသာတရားခံယူ ချက်နှင့် လှုပ်ရှားမှုများ အကြောင်းကို အနည်းငယ်သော အသေးစိတ် ဖော်ပြချက်နှင့် ဖေါ်ပြပေးထားသည်။ သူသည် ဘုရားကိုလျစ်လျူရှုခဲ့ပြီး၊ ဘုရားသခင်မရှိခဲ့သကဲ့ သို့ အသက်ရှင် နေထိုင်ခဲ့သည်။

ဒါဝင်ဘီဂဲ(လ်) (Beagle)သင်္ဘောပေါ်တတ်ခဲ့သည့်အချိန် အော့သိုဒိုဆီ (Orthodoxy)အသင်းတော်ကို ဒါဝင်ကိုယ်တိုင် ပြင်းပြင်း ထန်ထန်ပြောဆိုမှု များကိုဖတ်ရှုခြင်းသည် အလွန်ပင်စွဲမက်စရာ ကောင်း သည် ဟု ပြောကြားခဲ့သည်။

ထိုနှစ်နှစ်တာကာအတွင်း၌ ကျွန်ုပ်သည် ဘာသာရေးအကြောင်းကိုတွေးရန် ဦးတည်ခဲ့သည်။ ဘီဂဲ(လ်)သင်္ဘောပေါ်စတင်တတ်စဉ်တွင် ကျွန်ုပ်သည် အောက်သိုလ်ဒိုစ်ပင်ဖြစ်ပါသည်။ သို့သော်လည်း ကျွန်ုပ် ဖြည်းဖြည်းချင်း ပြန်လာသောအခါ ဤအချိန်၌ ဗေဗုလုန်ရဲတိုက် (Babel Tower)၊ နိမိတ်လက္ခဏာ ဖြစ်သည့် သက်တံ၊ စသည့်. . . အရာတို့သည် ကမ္ဘာကြီး၏မှားယွင်းသော သမိုင်းကိုထင်ရှားစေသော ဓမ္မဟောင်း ကျမ်းစာမှလာသောအရာများကို မြင်တွေ့ရန်နှင့် ထိုအထဲ၌ လက်စား ချေလိုစိတ်ပြင်းပြသော နိုင်လိုမင်းထက်ပြုမူသူ ဘုရားသခင်၏စိတ်သ ဘောထားကို ဖော်ပြနေခြင်းသည် ဟိန္ဒူဘာသာများ အလေး အမြတ်ထား သော စာအုပ်များ (သို့မဟုတ်) အခြားသောလူရိုင်းများ၏ ကိုးကွယ် ယုံကြည်ခြင်းထက် ယုံကြည်စိတ်ချရမှုမရှိတော့ပေ။

ဒါဝင်သည် ဘီဂဲ(လ်)သင်္ဘောပေါ်တက်ခဲ့သောအချိန်တွင် သူသည် သမ္မာကျမ်းစာကို သယ်ဆောင်သွားပြီး၊ စာလုံးတစ်ခုစီတိုင်းကို ယုံကြည်သည်ဟု ပြောဆိုခဲ့သည်။ သူသည် အချို့သောအရာရှိများထံသို့ "အကျင့်သိက္ခာ၏ အချို့သောအချက်များပေါ်တွင် မငြေကြားနိုင်သော အခွင့်အာဏာ"ကဲ့သို့သော ကောက်နုတ်ချက်များကို သမ္မာကျမ်းစာမှ ကောင်နှုတ်ခဲ့သည်။ ဒါဝင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်၌ သူ၏ လေ့လာရှာဖွေခြင်းများ၊ စဉ်းစားစဉ် ချင့်ခြင်းများသည် ပြေလည်မှုနှင့် စင်အောင်စစ်ရန် ကြာမြင်သောအချိန်ကာလ တစ်ခုကို ရေကြောင်းခရီးပေါ်၌ ရရှိခဲ့သော အတွေးအခေါ်ပညာရှင်၊ စာရေး ဆရာတစ်ယောက်ဖြစ်ပါသည်။ သူ၏မှတ်စုများနှင့်ဆက်နွယ်နေသော အရာများ၌ ခရစ်ယာန်များ၏ ဖွဲ့လုံးလကို မှတ်တမ်းတင်ထားမှု မတွေ့ရပေ။ သိသာထင် ရှားသောအရာသည် သမ္မာကျမ်းစာကို မေးခွန်းမေးရုံသာမက၊ သမ္မာကျမ်းစာထဲ၌ အများဆုံး တိုက်ခိုက်ခံရသော စာအုပ်၊ ကမ္ဘာဦးကျမ်း၏ တစ်ဦးချင်းစီလိုက် အပြစ်ရှာသောအရာဖြစ် လာခဲ့သည်။

ဒါဝင်၏ အယူအဆဖြစ်သော ဆင့်ကဲဆင့်ပြောင်းလဲခြင်းသည် ကမ္ဘာဦး ကျမ်း၏ တိုက်ရိုက်ဖြစ်ပျက်ပုံကို အမှန်တကယ်ပင်ပြောင်း ပြန်ဖြစ်စေပြီး၊ အပြစ်မြင်သူ၊ ယုံကြည်သူမှုကင်းမဲ့သူအဖြစ် သူ့ကို ဦးဆောင်သွားစေပါသည်။ သူမသေဆုံးမီ ၆နှစ်အလိုတွင် သူ၏ ယုံကြည်ခြင်းဟောင်းကို တစ်စတစ်စ ဆုတ်ယုတ် လျော့ပါးခြင်းအားဖြင့် ဖြစ်လာသော ဂုဏ်ဒြပ်၊ စရိုက်လက္ခအကြောင်းကို ဒါဝင် သည် ရေးသားခဲ့သည်။

သို့သော်လည်း ကျွန်ုပ်ကို လက်ခံယုံကြည်စေရန် လုံလောက်သည့် အထောက်အထားကို တီထွင်ရန်သော်လည်းကောင်း၊ ကျွန်ုပ်၏စိတ်အာရုံကို ပေးသော အခမဲ့အခွင့်ကိုနှင့်အတူပို၍၊ ပို၍ထိုအရာကို ခတ်ခဲစေသောအရာကို ရှာတွေ့ခဲ့ပါသည်။ မယုံကြည်ခြင်း အကြောင်းကြောင့် အလွန်နှေးကွေးသောစံနှုန်း နှင့် ကျွန်ုပ်ဆီသို့တိတ်တဆိတ်အနားကပ်လာခဲ့သော်လည်း နောက်ဆုံး၌ပြီး ဆုံးသွားခဲ့သည်။ စံနှုန်းသည် အလွန်နှေးကွေးသောကြောင့် ကျွန်ုပ်သည် စိတ် သော ကမရှိခဲ့ပါ။ ကျွန်ုပ်၏အဆုံးသတ်မှန်ကန်သည့် တစ်စက္ကန့်အတွက်မျှ မည်သည့်သံသယမှ မဖြစ်ခဲ့ပေ။ ခရစ်ယာန်ဘာသာသည်မှန်ကန် ကြောင်းကို မည်သို့အားဖြင့် လူအားလုံးဆန္ဒရှိကြောင်းကို အမှန်တကယ် ပင်

ခက်ခဲစွာတွေ့ရသည်။ ဘာသာစကား၏ စာသားများပေါ်လွင်အောင် ပြသပုံရပြီး၊ မယုံကြည် သောသူများ၊ ကျွန်ုပ်ဖခင်အပါဝင်၊ အကို၊ ကျွန်ုပ်သူငယ်ချင်းများအားလုံးနီးပါး ထာဝရ ကာလထိတိုင် အပြစ်ပေးခံ ရလိမ့်ဖြစ်သည်။ ထိုအရာသည် အလွန့်အလွန် ဆိုးဝါးသော အယူဝါဒ ပင်ဖြစ်ပါသည်။

အထက်ဖော်ပြပါ များစွာသော ကိုးကားချက်များသည် ကိုယ်တိုင်ရေးမူရင်း အထ္ထုပ္ပတ္တိအပြင်ဘက်၌ တည်ဖြတ်ထားသော အရာများပင်ဖြစ်ပြီး၊ ကောင်းသော အကျိုးအတွက် ဖြစ်နိုင်ပါသည်။ ဒါဝင်ကို ကြင်နာသောသူ၊ ငြိမ်ချမ်းသော လူကြီးလူကောင်း အဖြစ်သိကြသည်။ ဒါဝင်၏ ဇနီးသည်သည် သူမအ လွန်ချစ်လှစွာသော ခင်ပွန်းသည်၏ ရုပ်ထုကို ကာကွယ်ရန် လိုချင်ခဲ့သည်။ ထို့ကြောင့် သူမသည် အချို့စာသားများကို ဖယ်ရှားပစ်ရန် တောင်းဆိုခဲ့သည်။ အရောင်မှိန်သောခရစ်ယာန်ဘာသာ၏ ခံယူချက်ကဲ့သို့သော ဒါဝင်ရယူခဲ့သော ဖွင့်ပြချက်သည် သူ၏ခင်ပွန်းသည်ကို ဗြိတိသျှလူများဆီသို့ နာမည်ဆိုးဖြင့်ကျော် စောအောင် ပြုလုပ်ခဲ့သည်။ ခရစ်ယာန်ဘာသာနှင့် ဆွေးနွေးရန်အရေးကြီးသော အချက်ကိုရယူခဲ့သော သီးခြား တွေးခေါ်ရှင် ဖြစ်ခြင်းသည် အီမာ (Emma) လူထုဆီသို့ တင်ဆက်ချင်ခဲ့သော ရုပ်ပုံဖြစ်သည့် အနည်းငယ် အငြင်းပွား ဖွယ်ရာရပ်တည်ချက်ပင်ဖြစ်သည်။

သူမသည် သူ၏အယူအဆများကို သိပြီး၊ သူနှင့် များစွာသောအ ကြောင်းကိစ္စများ၌ သဘောမတူညီခဲ့ပေ။ ၁၈၃၈ခုနှစ်၌ သူတို့လက်ထက်ခဲ့ပြီး နောက်ပိုင်း အချိန် အနည်းငယ်တွင် အီမာ (Emma)သည် သူမအမျိုးသား၏ သိသာထင်ရှားသော ယုံကြည်မှုကင်းမဲ့ခြင်း အကြောင်းကို ပူပန်ကြောင်းဖော်ပြခဲ့သည်။ သူမသည် သူမ၏ အမျိုးသား ကို အမြဲတမ်းပင် “မေးခွန်းနှစ်ခုစလုံး ၏ဘက်ကို ရှင်ရဲ့အာရုံစိုက်ခြင်းကို ပေးပါ”ဟု တိုက်တွန်းခဲ့ပြီး၊ ဖွင့်ပြခြင်း (သမ္မာကျမ်းစာ)ကို စွန့်လွှတ်ခြင်း၌ အန္တရာယ်ရှိကြောင်းကို သတိပေးခဲ့သည်။

၁၈၆၂ ခုနှစ်မတိုင်မီ အီမာ(Emma)ထံမှ ရရှိသော အခြားသောစာ၌ သူမသည် သူမ၏အမျိုးသားအတွက် ပူပန်မှုအလွန် နက်ရှိုင်းစွာ ရောက်ရှိခဲ့သည်။ သူမသည် သူ့ကို ခွန်အားပေးရန် ချိုသာသောစကားလုံးနှင့် စာရေးခဲ့ပြီး၊ ဘုရားသခင်သည် နှစ်သိမ့်ခြင်းနှင့် မျှော်လင့်ခြင်း၏အရင်းအမြစ်ဖြစ် ကြောင်း ထောက်ပြခဲ့သည်။ သူမသည် ထိုတိုတောင်း သော သဝဏ်လွှာကို စိတ်လှုပ်စွာနှင့် အစပြုခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် သူမ၏ခင်ပွန်းသည် ဇစ်မြစ်စာအုပ် ထုတ်ဝေ ခြင်းနှင့်အတူ အဓိကကျသောပန်းတိုင်သို့ ရောက်ရှိ နေခဲ့ခြင်း ပင်ဖြစ်သည်။ ထို့ကြောင့် ဤအသနားခံချက်ကို ထည့်ခဲ့သည်။

ကျွန်မ၏ကိုယ်ပိုင်အတွေးကမ္ဘာထဲသို့ ကျွန်မရှာဖွေသော တစ်ခု ထဲသော စိတ်သက်သာခြင်းသည် ဘုရားသခင်၏လက်ရာမှ လာသော အရာကဲ့သို့ ထိုအ ရာကိုရယူရန် သော်လည်းကောင်း၊ ဒုက္ခဆင်းရဲအားလုံး နှင့် ဖျားနာခြင်းသည် ကျွန်မတို့၏ စိတ်ကူးများကို မြင့်တင်ရန်နှင့် အနာဂတ်ကာလကို မျှော်လင့်ခြင်းနှင့် အရှေ့သို့ကြည့်ရှုရန် ကျွန်မတို့ကို ကူညီသော အဓိပ္ပါယ်ရခဲ့သည်ကို ယုံကြည်ရန် ကြိုးစားခြင်းပင်ဖြစ်ပါ သည်။ ရှင့်ရဲ့ စိတ်ရှည်ခြင်း၊ အခြားလူများ အတွက် နက်ရှိုင်းသော သနားကြင်နာခြင်း၊ မိမိကိုယ်ကို ထိန်းချုပ်ခြင်းများကို မြင်သောအချိန်မှာ ရှင့်ကိုကူညီဖို့ရန် အသေးဆုံးသောကိစ္စပြီးစီးရန်အတွက် ကျေးဇူးတင်ပါ သည်။ ဤတန်ဖိုးရှိသော စိတ်ခံစားမှုများသည် သင်၏ နေ့စဉ် ပျော်ရွှင် မှုအလို့ငှါ ကောင်းကင်သို့ ကမ်းလှမ်းမည်ကို ကျွန်မ ကြာရှည်စွာမကူ ညီနိုင်ပါ။ သို့သော်လည်း ကျွန်မ၏ ကိုယ်ပိုင်အခြေအနေ၌ ခက်ခဲစွာရှာ ဖွေခဲ့ရသည်။ “သင့်အပေါ်၌ ရှိသော စိတ်နှလုံးသားကို ပြီးပြည့်စုံသော ငြိမ်သက်ခြင်း၌ သင်စောင့်ထိန်းလိမ့်မည်” ဆိုသည့် စကားလုံးကို ကျွန်မမကြာခဏ ကျေးဇူးတင် မိပါသည်။

အီမာ (Emma)သည် မည်သို့အကြောင်းအရာတွေရှိနေပါစေ သူ၏လင်ယောကျာ်းဘက်၌ ရပ်တည်ပေးရန် ဆန္ဒရှိသော၊ သစ္စာရှိသော အမျိုး သမီးတစ်ယောက်ဖြစ်သည်။ သူမသည် သူမ၏အမျိုးသားထံသို့ ရောက်ရှိခဲ့သောကြောင့် သူသည် စိတ်ဆိုးခြင်းမရှိဘဲ၊ ဘုရားသခင် နှင့်အတူ ငြိမ်းချမ်းစွာရှိနေ နိုင်ခဲ့သည်။ လူသား၏စိတ်ရှည်ခြင်း၊ သနား ကြင်နာခြင်း၊ မိမိကိုယ်ကိုထိန်းချုပ် ခြင်းနှင့်ကျေးဇူးတင်ခြင်းကို အီမာ (Emma)သည ဖော်ပြခဲ့ပြီး၊ စစ်ပွဲသည် အခြားတစ်ဘက်၌ ဖြစ်ပွား လိမ့်မည်ကို ကျွန်ုပ်ယုံကြည်သည်။ ဒါဝင်သည် စိတ်ဆိုးခဲ့သည်။ အဘယ့် ကြောင့်ဆိုသော် တရားစီရင်ခြင်းသည် ဘုရားသခင်ထံမှ လာလိမ့်မည် ဖြစ်သောကြောင့်ဖြစ်သည်။ သူ၏ စိတ်ထက်သန်ပြင်းပြမှုသည် “အလွန့် အလွန်ဆိုးဝါးသော ဩဝါဒ” ကဲ့သို့ ထာဝရ တရားစီရင်ရန် သူ၏ဆူးကို ကိုးကားချက်ထဲ၌ လျှံကျစေခဲ့ပါသည်။

ဘုရားသခင်သည် ကျွန်ုပ်နှင့် ကျွန်ုပ်၏အဖေ၊ ကျွန်ုပ်၏ အဖိုး၊ ကျွန်ုပ်၏ သူငယ်ချင်းများအားလုံးကို မည်သို့အားဖြင့် ပြစ်ဒဏ်ချမှတ်မည် နည်း၊ “ငါ့ကိုစီရင်နိုင်သော ဘုရားဟာ မည်သူနည်း” ဟု ဒါဝင် မေးခဲ့ သည်။ သူအတွင်းဝိညာဉ်၏တစ်စုံတစ်ခုသည် ဤနေရာ၌ ခံယူချက်ဖြစ် လာခဲ့သည်။ သူသည် ဖန်ဆင်းရှင်ကို အသိအမှတ် အပြုရန်စိတ် မပါခဲ့ပေ။ ဆင့်ကဲဆင့်ကဲပြောင်းလဲခြင်းနှင့် သူ့ကိုအစားထိုးရန် အယူအဆကို ဖန်တီးခဲ့သည်။ ဒါဝင်သည် နှုတ်ကပတ်တော်ကို သိကျွမ်းခဲ့သည်။ သို့သော် သူသည် ပြည့်စုံစွာ အပြစ်ကင်းသောသူဖြစ်သော်လည်း အပြစ်တင်ခြင်း ဒုက္ခဝေဒနာကို ခံခဲ့ရသောသူ၊ သမ္မာတရားကို မပွေ့ပိုက်ခဲ့ပေ။ သူ၏ ဖန်ဆင်းရှင်ဘုရား၏ ကျိန်ခြင်းကိုခံခဲ့သော ယေရှုခရစ်တော်ဖြစ်ပြီး၊ သူသည် လူသားများအတွက် အမှန်တကယ်ပင် စွန့်လွှတ်ခဲ့ပြီး၊ သေခြင်းမှ ထမြောက်သောကြောင့် ကျွန်ုပ်တို့ ယုံကြည်သောသူများသည် မပင်မ ပန်းရသော၊ မထိုက်တန်သော ထာဝအသက်လက်ဆောင်ကိုပြည့် ပြည့်ဝဝ ရရှိခဲ့ကြသည်။

ဒါဝင်သည် ဘုရားသခင်ကို ဘုန်းတော်နှင့် ဘုရားသခင်၏ ဂုဏ်တော်ကို မပေးချင်ခဲ့ပေ။ ထိုရလဒ်မှာ လူသားသည် အကျိုးကိုမရရှိခဲ့ပါ။ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်ဖန်ဆင်းသော သတ္တဝါကဲ့သို့ သူ၏ ဂုဏ်သိက္ခာနှင့် အရေးပါမှုသည် ပျောက်ဆုံးသွားခဲ့ပြီး၊ ဘုရားသခင်၏ အမျက်ဒေါသထွက်ရန် အကြောင်းကိစ္စ ဖြစ်လာခဲ့သည် (ရောမ ၁း၁၈)။